## အခွန်ပြန်အမ်းငွေ(Tax Refund)






❖ အခွန်ထမ်းက ပေးဆောင်ခဲ့သောအခွန်သည် အမှန်ပေးဆောင်ရမည့်အခွန် ထက်ပိုနေလျှင် ပြန်အမ်းငွေပေါ်ပေါက်ပါသည်။

## ပြန်အမ်းငွေတောင်းခံပိုင်ခွင့်ရှိသည့် အခြေအနေများ

❖ အခွန်ထမ်းတစ်ဦးအနေဖြင့် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြန်အမ်းငွေတောင်းခံခွင့်ရှိမည်ဖြစ်ပါသည်–

- ➢ မှားယွင်းတွက်ချက်ပေးဆောင်ခဲ့ခြင်းအပါအဝင် မူလစည်းကြပ်မှုသည် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရခြင်းကြောင့်ဖြစ်စေ၊ ပြင်ဆင်စည်းကြပ်မှုအရဖြစ်စေ၊ အယူခံအမှုကြောင့်ဖြစ်စေ၊ အခွန်ပိုမိုပေးဆောင်ခဲ့ကြောင်း ပေါ်ပေါက်ခြင်း။
- ➢ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းများအတွက်–
  - ▪ နိုင်ငံတော်ကရယူသည့် (Grant Aid) တို့ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများအားလုံးကို အခွန်ကင်းလွတ်ခွင့်ပြုထားသော်လည်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ခဲ့ခြင်း၊
  - ▪ နိုင်ငံတော်ကရယူသည့် (Concessional Loan) တို့ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများအားလုံးကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားသော်လည်း ဝင်ငွေခွန် ပေးဆောင်ခဲ့ခြင်း။

➢ **ဝင်ငွေခွန်ဖြစ်ပါက**




- ▪ သုံးလတစ်ကြိမ်ဖြစ်စေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေအတွက် ခန့်မှန်းတွက်ချက်မှုအရဖြစ်စေ၊ ပို့ကုန်တင်ပို့မှု/ သွင်းကုန်တင်သွင်းမှုအပေါ်တွင်ဖြစ်စေ၊ ပင်ရင်းမှ နုတ်ယူပေးသွင်းငွေအဖြစ်ဖြစ်စေ ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်သည် စည်းကြပ်မှုအရကျသင့်သည့်ဝင်ငွေခွန်ထက်ပိုမိုခြင်း၊
- ▪ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းများက လုပ်ငန်းစတင်သည့်နှစ်အပါအဝင်တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် သတ်မှတ်ကင်းလွတ်ခွင့်ပြုသည့် အသားတင်အမြတ်ဝင်ငွေထက် မကျော်ဘဲ ဝင်ငွေခွန်ပေးဆောင်ခဲ့ခြင်း၊
- ▪ MIC Law အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိထားသည့် ကာလအတွက် ဝင်ငွေခွန်ပေးဆောင်ခဲ့ခြင်း၊

➢ **ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ပါက**

- ▪ ပြည်ပပို့ကုန်လုပ်ငန်းများအတွက် လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ကုန်စည်တင်ပို့ရန်အလို့ငှာ ကုန်စည်ကိုပြည်ပမှကိုယ်တိုင် တင်သွင်းစဉ်၊ ပြည်တွင်း၌ အခြားပုဂ္ဂိုလ်များထံမှဝယ်ယူစဉ် ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်သည် ပြည်ပသို့ ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ထက်ပိုမိုခြင်း၊
- ▪ အခြားလုပ်ငန်းများဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂ အရ လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်သည် စည်းကြပ်မှုအရ ကျသင့်အခွန်ထက်ပိုမိုခြင်း၊
- ▪ အပြန်အလှန်အခွင့်အရေးမူအရ ကျင့်သုံးသော မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၊ သံတမန်များနှင့် သံရုံးဝန်ထမ်းများက ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် တောင်းခံခြင်း၊
- ▪ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ခြင်း၊

➢ **အထူးကုန်စည်ခွန်ဖြစ်ပါက**

- ▪ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၈ အရ လစဉ်ဖြစ်စေ၊ အခြားသတ်မှတ်ကာလအတွင်းဖြစ်စေ ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်သည် စည်းကြပ်မှုအရ ကျသင့်အခွန်ထက်ပိုမိုခြင်း၊
- ▪ အထူးကုန်စည်ခွန်မကျသင့်သည့် ကုန်စည်များအတွက် အထူးကုန်စည်ခွန် ပေးဆောင်ခဲ့ခြင်း၊

## ပြန်အမ်းငွေပေါ်ပေါက်ကြောင်း အကြောင်းကြားခြင်း




- ➢ အခွန်ထမ်းကအထောက်အထားဖြင့် တင်ပြလျှင်၊
- ➢ အကောက်ခွန်ဦးစီးဌာနက အကြောင်းကြားလျှင်၊
- ➢ စည်းကြပ်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံအရာရှိက စိစစ်တွေ့ရှိလျှင်၊
- ➢ ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး (သို့မဟုတ်) တာဝန်ခံအရာရှိက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း အခွန်ထမ်းထံသို့ အကြောင်းကြားမည် ဖြစ်ပါသည်။

## ပြန်အမ်းငွေထုတ်ပေးနိုင်ရန် ခုနှိမ်ရမည့်အစီအစဉ်

❖ အခွန်ပြန်အမ်းငွေပေါ်ပေါက်ပါက အဆိုပါပြန်အမ်းငွေကို အောက်ပါအတိုင်း ခုနှိမ်ရမည်ဖြစ်ပါသည်–

- ➢ ဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် စည်းကြပ်တောင်းခံငွေအရပ်ရပ်၊ အတိုး၊ ဒဏ်ကြေးငွေတို့ကို ဦးစွာခုနှိမ်ရမည်ဖြစ်ပါသည်၊
- ➢ ပြန်အမ်းငွေဆက်လက်ကျန်ရှိနေသေးပါက–
  - ▪ **ဝင်ငွေခွန်ဖြစ်လျှင်** ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် စည်းကြပ်တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေးငွေ စသည့်အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည် ဖြစ်ပါသည်၊
  - ▪ **ကုန်သွယ်လုပ်ငန်းခွန်ဖြစ်လျှင်** ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် စည်းကြပ်တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေးငွေ စသည့်အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည် ဖြစ်ပါသည်၊
  - ▪ **အထူးကုန်စည်ခွန်ဖြစ်လျှင်** ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေးငွေ စသည့်အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည် ဖြစ်ပါသည်၊
- ➢ **ခုနှိမ်ပြီးဆက်လက်ကျန်ရှိပါက** ပြန်အမ်းငွေပေါ်ပေါက်ကြောင်း အတည်ပြုသည့်နေ့နှင့် သက်ဆိုင်သည့်လကုန်ဆုံးပြီး လာမည့် ၁၂ လအတွက် ထမ်းဆောင်ရမည့်အခွန် (ကြိုတင်ခွန်) အဖြစ် သတ်မှတ်ထားသည့် ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည် ဖြစ်ပါသည်၊
- ➢ အခွန်ထမ်းက ရရန်ရှိသည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ခုနှိမ်ရမည့် အစီအစဉ်အတိုင်းခုနှိမ်ပြီးနောက် ပြန်အမ်းငွေဆက်လက်ကျန်ရှိနေသေးပါက ကျန်ရှိသည့်ပမာဏအား ပြန်အမ်းငွေထုတ်ပေးမည် ဖြစ်ပါသည်။

## လစာဝင်ငွေခွန်ပြန်အမ်းငွေနှင့်စပ်လျဉ်း၍

- လစာဝင်ငွေခွန် ပြန်အမ်းငွေတောင်းခံလိုသော အခွန်ထမ်းမှာအလုပ်မှ အငြိမ်းစားယူခြင်း၊ အလုပ်ထွက်ခြင်း၊ ပြည်ပသို့ထွက်ခွာခြင်းစသည့် လစာဝင်ငွေခွန် အခွန်ထမ်းမဟုတ်တော့သူ ဖြစ်ရပါမည်၊
- အခွန်ထမ်းအနေဖြင့် အခွန်ပြန်အမ်းငွေလျှောက်ထားရာတွင် လစာမှဝင်ငွေရရန်အကြောင်းမရှိတော့သဖြင့် လာမည့်၁၂လကာလအတွက် လစာဝင်ငွေခွန်ပေးဆောင်ရန် တာဝန်မရှိကြောင်း အထောက်အထားများ တင်ပြရမည်၊
- လစာဝင်ငွေခွန်ပြန်အမ်းငွေထုတ်ပေးရန်အတွက် အပြီးသတ်စည်းကြပ်ရန်လိုအပ်ပြီး ပေးရန်အခွန်နှင့် ဒဏ်ကြေးငွေများကို နုတ်ပယ်ရန်ဖြစ်ပါသည်။







## ပြန်အမ်းငွေထုတ်ပေးနိုင်ရန် ကြိုတင်ခွန်အားတွက်ချက်ခြင်း

❖ လာမည့် ၁၂ လ အတွက် ကြိုတင်ခွန်တွက်ချက်ရာ၌ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် တို့၏ ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ဝင်ငွေခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဝင်ငွေနှစ်မတိုင်မီ ကပ်လျက်ရှိသော ပြီးခဲ့သည့်ဝင်ငွေနှစ်အတွက်ကျသင့်ခဲ့သည့် ဝင်ငွေခွန်ပမာဏမှ ယင်းဝင်ငွေနှစ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှင့် ကြိုတင်ဝင်ငွေခွန်ပမာဏတို့အား နုတ်ပယ်ပြီးနောက်ကျန်ရှိသည့် ဝင်ငွေခွန်ပမာဏ၊
- ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဘဏ္ဍာနှစ်မတိုင်မီ ကပ်လျက်ဘဏ္ဍာနှစ်အတွက်ကျသင့်ခဲ့သည့်အခွန်ပမာဏ၊
- အထူးကုန်စည်ခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဘဏ္ဍာနှစ်မတိုင်မီ ကပ်လျက်ဘဏ္ဍာနှစ်အတွက်ကျသင့်ခဲ့သည့်အခွန်ပမာဏ။

## အချိန်ကာလသတ်မှတ်ချက်

❖ အခွန်ထမ်းသည် အခွန်ပြန်အမ်းငွေကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလကုန်ဆုံးပြီး ခြောက်နှစ်အတွင်း ပြန်အမ်းငွေ တောင်းခံခွင့်ရှိပါသည်။




## ပြန်အမ်းခြင်း

❖ အခွန်ထမ်းက ပိုမိုပေးသွင်းခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်တို့ကို ပြန်အမ်းရာတွင်-

- အခွန်ပြန်အမ်းငွေကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပြန်အမ်းပေးမည်ဖြစ်ပါသည်။
- အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်ရာတွင်စည်းကြပ်မှုအရ ကျသင့်အခွန်ငွေထက်ပိုမို၍ ပေးဆောင်ခဲ့မှုများရှိနိုင်ပါသည်။ ပိုမိုပေးဆောင်ခဲ့သော အခွန်ငွေများနှင့်စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် အခွန်ထမ်းများအနေဖြင့် အခွန်ဆိုင်ရာအခွင့်အရေးဖြစ်သော ပြန်အမ်းငွေအား ခံစားရရှိစေရန် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာအခွန်ရုံးတွင် လျှောက်ထား၍ ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။




ပြည်တွင်းအခွန်များဦးစီးဌာန

**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ( ရန်ကုန် ) အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ သိကောင်းစရာများ




၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ် (၄၆)၊ နေပြည်တော်
https://www.ird.gov.mm

“Tax by the Law, Service by our Heart”